ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၂ ၊ အမှတ် ၁၁ ၂၀၁၇ ခုနှစ် ၊ ဩဂုတ် ၁ ရက်

## C.I.Q ခေါ် Customs Immigration & Quarantine လုပ်ငန်းစဉ်များအား နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက်ရှင်းလင်းတင်ပြ



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် (၁၈-၇-၂၀၁၇) ရက်နေ့ နေ့လည် (၁၃:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန ၊ ရုံးချုပ်သို့ရောက်ရှိပြီး ညွှန်ကြားရေးမှူးချုပ်မှ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတွင် လူ ၊ ယာဉ် နှင့် ကုန်ပစ္စည်းများ ဝင်ထွက်သွားလာမှုထိန်းချုပ်ရေး C.I.Q ခေါ် Customs Immigration & Quarantine လုပ်ငန်းစဉ်များအား နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း၌ C.I.Q လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရာတွင် Pilot Project တစ်ခုအနေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ၊ လူနှင့် ကုန်ပစ္စည်းများ ဖြတ်သန်းသွားလာရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက အချိန်တိုအတွင်း ဖြတ်သန်းသွားလာခွင့်ပြုရန် ၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းအား နိုင်ငံတကာအဆင့်မြင့်တင်ပြီးပါက ကျန်နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်းများ၌လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် အာဆီယံနိုင်ငံများနှင့်တန်းတူ ရင်ဆောင်တန်းဆောင်ရွက်နိုင်ရေး လမ်းညွှန်မှာကြားခဲ့ပါသည်။

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း MIP ဆိပ်ကမ်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခြင်း



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လ (၁၆) ရက်နေ့ နံနက် (၀၉:၀၀) နာရီ အချိန်တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) သို့ သွားရောက်၍ ဆိပ်ကမ်းအတွင်း၌ ဖွင့်လှစ်ထားသည့် ကုန်သေတ္တာထိန်းချုပ်ရေးယူနစ် (CCU) အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဆိပ်ကမ်းလုပ်ငန်းစဉ်များ လျော့ချဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းတင်ပြခဲ့ပြီး ၊ ဦးစီးအရာရှိ ဦးနေဝင်းဦး မှ လုပ်ငန်းခွင်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကုန်သေတ္တာထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကုန်သေတ္တာထိန်းချုပ်ရေးယူနစ် ဆောင်ရွက်ပုံအဆင့်ဆင့်အား ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးမှ လိုအပ်သည်များ လမ်းညွှန်မှာကြား ခဲ့ပြီး ဆိပ်ကမ်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

# IMF Mission အဖွဲ့မှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား လာရောက်တွေ့ဆုံဆွေးနွေးခြင်း



၂၀၁၇ ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန ၊ အစည်းအဝေး ခန်းမ (၁) ၌ IMF Mission အဖွဲ့မှ Mr. Yasuhisa OJIMA ဦးဆောင်သောအဖွဲ့သည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် IMF မှ ဆောင်ရွက်လျက်ရှိသော (၃) နှစ်တာ နည်းပညာပေးရေး အစီအစဉ်အရ မြန်မာ့အကောက်ခွန်ဦးစီးဌာနအတွက် လိုအပ်သော နည်းပညာဆိုင်ရာထောက်ပံ့မှုအတွက် Work Plan ရေးဆွဲရေး ၊ Residence Advisor ခန့်အပ်နိုင်ရေးနှင့် ၎င်း၏လုပ်ငန်းတာဝန်များကို Mission ၏ရလဒ်များမှတစ်ဆင့် သတ်မှတ်နိုင်ရန် ရည်ရွယ်၍ဆွေးနွေးခဲ့ကြပြီး ၊ ဆွေးနွေးပွဲသို့ IMF Mission မှ အဖွဲ့ဝင်ကိုယ်စားလှယ် (၇) ဦးနှင့် အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း (၁၄) ဦး တက်ရောက်ခဲ့ပါသည်။

# ကေဒဿမအကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် နှင့် ဇနီး တက်ရောက်ခြင်း



ကေဒဿမအကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လ (၉) ရက်နေ့ နံနက် (၉:၀၀) နာရီအချိန်တွင် မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် နှင့်ဇနီး ဒေါ်တင်တင်ကို ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့်ဇနီး ၊ ညွှန်ကြားရေးမှူးများ နှင့်ဇနီးများ ၊ အရာထမ်းများ ၊ အမှုထမ်းများ နှင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းဟောင်းများ စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

# ဒုတိယအကောက်ခွန်မှူး သင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲ အခမ်းအနား ကျင်းပခြင်း



၂၀၁၇ ခုနှစ် ၊ ဇူလိုင်လ (၁၇) ရက်နေ့၌ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမတွင် ဒုတိယအကောက်ခွန်မှူးသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းမှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် သင်တန်းသား (၆၅) ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် (၄) ပတ်ကြာမြင့်မည်ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၀၄.၃၉၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၂၂၇) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၀၀၄.၃၉၀) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်





လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၂) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၄၂.၅) သန်းခန့် ရှိသည့် အနက် ၁၉-၇-၂၀၁၇ ရက်နေ့တွင် MAI လေကြောင်းလိုင်းဖြင့် စင်္ကာပူနိုင်ငံ မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ခရီးသည်ထံမှ 1 Gonal-F™75IU (5.5 kg) (သားဥကြွေဆေး) (500) Nos ၊ Cetroide (0.25) mg (70) sets , Water for Injection (1) ml , (150) Nos နှင့် K Pack IINeedle (29G x 1/2), (150) Nos ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၄၀) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၀၄.၃၉၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း





ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၁၃) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၃၉၉.၂၈၃) သန်းခန့် ရှိသည့်အနက် ၁၅-၇-၂၀၁၇ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ HUAR YI International Co., Ltd မှ တင်သွင်းလာသော Ceramic Tile အား အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော (6108) Cartoons, (9612)$M^2$ ၊ ခန့်မှန်းတန်ဖိုးကျပ် (၄၇.၈၉၃) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၀၄.၃၉၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း





နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၂၁၂) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၁၅၆၂.၆၀၇) သန်းခန့်ရှိသည့်အနက် ၁၅-၇-၂၀၁၇ ရက်နေ့တွင် မန္တလေး မှ မူဆယ်သို့ သွားရောက်မည့် Nissan Diesel (၁၂) ဘီးယာဉ်အား (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့ မှ စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းတွင် တာယာအဟောင်းများဖုံးအုပ်လျက် အံဝှက်ပြုလုပ်ထားသည့် ကြမ်းခင်းအတွင်း၌ သိုဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဆိုဒ်စုံ (3668) kg နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃၄.၆၇၂) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၀၄.၃၉၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**
















ထူးခြားဖမ်းဆီးမှုအနေဖြင့် ၉-၇-၂၀၁၇ ရက်နေ့တွင် မူဆယ် သို့သွားရောက်မည့် (၆) ဘီးယာဉ် (၂) စီး ၊ (၁၂) ဘီးယာဉ် (၃) စီးနှင့် (၂၂) ဘီးယာဉ် (၁) စီးတို့အား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဘီယာဖာများ ၊ စပါးခွံအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်သစ် (၂၆.၄၃၆) တန် ခန့်မှန်းတန်ဖိုးကျပ် (၇၈.၁၄၆) သန်းခန့်နှင့် သယ်ဆောင်သည့်ယာဉ် (၆) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၈၂.၁၄၇) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၀၄.၃၉၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၃-၇-၂၀၁၇ ရက်နေ့ တွင် မြဝတီ မှ ရန်ကုန်သို့ သွားရောက်မည့် Toyota Crown (၁) စီး ၊ Toyota Kluger (၁) စီး ၊ Honda Fit (၁) စီး ၊ Honda CRV (၁) စီး ၊ Nissan X-Trail (၁) စီး ယာဉ်များအား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသဖြင့် အဆိုပါယာဉ် (၅) စီး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၈) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၀၄.၃၉၀) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု








ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၉-၇-၂၀၁၇ ရက်နေ့တွင် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့ မှ သတင်းအရ တရားမဝင် ရှောင်ကွင်းလမ်းများအား လှည့်လည်စစ်ဆေးမှုဆောင်ရွက်စဉ် မန္တလေး မှ ပြင်ဦးလွင်သို့သွားရောက်မည့် Mitsubishi Canter အမျိုးအစားယာဉ်အား ကျောက်ချောကျေးရွာအထွက်လမ်းတွင် ရပ်တန့်ထားသည်ကိုတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် နွားသားရေအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဆိုဒ်စုံ (2910) kg ၊ နွားသားရေ (1 x 40) kg (60) Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၆၈.၆၂၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဇူလိုင်လအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၂ မှု | ၂ မှု | ၅ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၅၅.၇၂ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁၅ မှု | ၁၅ မှု | ၁၂၆ သန်း |
| | စုစုပေါင်း | - | ၂၀ မှု | ၂၀ မှု | ၁၈၆.၇၂ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၁-၇-၂၀၁၇) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ နှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၈၆) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၆၅၁) သန်းခန့်အား တားဆီးခဲ့ပြီး အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Hair Lacquers များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 3309.30.00 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။





ဝါဂွမ်း (Raw) များ တင်ပို့ရာတွင် လိုင်စင်လို/မလို HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်းနှင့် HS Code မှာ 5201.00.00 ဖြစ်ပြီး Duty Rate မှာ Exempted ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Plastic Kitchenware များ တင်သွင်း လိုပါသဖြင့် HS Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 3924.10.00 ဖြစ်ပြီး အကောက်ခွန် 5 % ၊ ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Liquid Laundry များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 3401.19.90 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

ကျောင်းသုံး ဗလာစာအုပ် (Used) များ တင်ပို့လိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အား မေးမြန်းရာလိုင်စင်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် လျှောက်ထားရမည်ဖြစ်ကြောင်း HS Code မှာ 4901.99.10 ဖြစ်ပြီး Duty Rate မှာ Exempted ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။






Plastic Chair များပြုလုပ်ရာတွင် အသုံးပြုသော Mold များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း၊ HS Code မှာ 9401.80.00 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



ဂျုံမှုန့်များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 1101.00.10 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



ကွမ်းသီးများ တင်ပို့လိုပါသဖြင့် ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 0802.80.00 ဖြစ်ပြီး Duty Rate မှာ Exempted ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။